"အသံ"

# လျှောက်လေကျယ်လေသော "တစ်ဇုန်တစ်လမ်း"

မူလကကမ္ဘာပေါ်တွင် လမ်းမရှိပါ။ သို့သော်လျှောက်သည့်လူများလာသောကြောင့် လမ်းထွက်ပေါ်လာပါတော့သည်။ "တစ်ဇုန်တစ်လမ်း" စီမံကိန်းတည်ထောင်ရေးသည် သုညမှစ၊ အသေးစိတ်အချက်မှ ဘက်စုံအချက်အထိ အချိန်(၃)နှစ်တာကာလအတွင်း ရရှိခဲ့သော ရလဒ်နှင့်ဖွံ့ဖြိုးတိုးတက်မှုများမှာ လျှာထားချက်ထက် ပိုမိုများပြားလာသည်။ တရုတ်နိုင်ငံ စီမံကိန်း(၃)ရပ်၏တွန်းအားအဖြစ် ဖြစ်ပေါ်လာပါသည်။ ပထမစီမံကိန်းမှာ-တရုတ်အိပ်မက်၏တွန်းအားဖြစ်သည်။ "တစ်ဇုန်တစ်လမ်း"သည် တရုတ်ပြည်သူ အမျိုးသားပြန်လည်ထူထောင်ဖွံ့ဖြိုးသော တရုတ်အိပ်မက်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် အကျိုးပြုနိုင်သည်သာမက တရုတ်အိပ်မက် နှင့်လမ်းတစ်လျှောက်နိုင်ငံများ၏ အိပ်မက်များကိုလည်းရောစပ်ပြီး လူသားအတူချမ်းသာကြွယ်ဝရေးနှင့် ရေရှည်တည်တံ့ငြိမ်းချမ်းသော ကမ္ဘာ့အိပ်မက်ကိုလည်းဖြစ်မြောက်စေနိုင်ပါသည်။ ဒုတိယ စီမံကိန်းမှာ-နိုင်ငံတကာအပေါ် တရုတ်နိုင်ငံ၏ ထိရောက်မှုစွမ်းအားကို တိုးမြှင့်သော တွန်းအားဖြစ်သည်။ "တစ်ဇုန်တစ်လမ်း" စီမံကိန်းဖြင့် စနစ်ကျနိုင်ငံတကာ၌ စကားပြောဆိုနိုင်ခွင့်ကို တရုတ်နိုင်ငံမှ တက်ကြွစွာမြှင့်တင်ပေးသည်။ တတိယစီမံကိန်းမှာ- ဂလိုဘယ်လိုက်ဇေးရှင်း၊ ကမ္ဘာ့ထိန်းချုပ်ရေးတိုးတက်မှု၏ တွန်းအားဖြစ်သည်။ "တစ်ဇုန်တစ်လမ်း" စီမံကိန်းဖြင့် တရုတ်နိုင်ငံသည် ရောစပ်ပုံစံဂလိုဘယ်လိုက်ဇေးရှင်း၏ဦးဆောင်သူဖြစ်လာသည်။

"ချမ်းသာလိုသော် လမ်းပြင်၊ အမြန်ချမ်းသာလိုသော် အရှိန်မြင့် လမ်းပြင်၊ ချက်ချင်းချမ်းသာလိုသော် ကွန်ယက် တည်ဆောက်"ခြင်းသည် ဆင်းရဲနွမ်းပါးခြင်းမှ ချမ်းသာခြင်းသို့ ရောက်ရှိစေသော တရုတ်နိုင်ငံ၏သိသာ ထင်ရှားသည့် အတွေ့အကြုံအနှစ်ချုပ်ပင်ဖြစ်သည်။ "တစ်ဇုန်တစ်လမ်း" စီမံကိန်းသည် တရုတ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေး အတွေ့အကြုံကို ကမ္ဘာနှင့်အတူမျှဝေခံစားပြီး တရုတ်နိုင်ငံအတွက်ဖွံ့ဖြိုးတိုးတက်ရာနေရာကိုချဲ့ထွင်ပေးနေသည်။ "တစ်ဇုန်တစ်လမ်း" စီမံကိန်း၏ အမြုတေသည် အပြန်အလှန်ချိတ်ဆက်ခြင်းပင်ဖြစ်သည်။ "တစ်ဇုန်တစ်လမ်း" စီမံကိန်းအား အာရှ၏တောင်ပံနှစ်ခုဟု တင်စားပါက အပြန်အလှန်ချိတ်ဆက်ခြင်းသည် ထိုတောင်ပံနှစ်ခု၏ သွေးကြောများဖြစ်သည်ဟု ရှီကျင့်ဖိန်က ပြောဆိုခဲ့သည်။ တရုတ်တိုင်းရင်းဆေးဆရာဝန်များပြောသည့်အတိုင်း နာလျှင်ပိတ်ဆို့သည်၊ ပိတ်ဆို့လျှင် မနာပင်ဖြစ်သည်။ ယနေ့ ကမ္ဘာ့ငြိမ်းချမ်း ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၏ ကန့်သတ်ချက်များသည် မဆက်မိခြင်းကြောင့်ဖြစ်ကြသည်။ ကျွန်တော်တို့၏ စိတ်ကူး အတွေးအခေါ်မှာ ကမ္ဘာကြီးဆက်နေခြင်း ပင်ဖြစ်သည်။ "တစ်ဇုန်တစ်လမ်း"စီမံကိန်းမှာ နိုင်ငံအသီးသီးကို မိမိနိုင်ငံနှင့် ကိုက်ညီသော ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းကို လျှောက်လှမ်းရန် ရည်မှန်းထားပါသည်--တရုတ်နိုင်ငံမတိုးတက်မီ အချိန်တွင် ဖြစ်နိုင်ချေမရှိဟုထင်မြင်ခဲ့သည်။ ခြေထက်ရှည်သောလမ်းမရှိ၊ လူထက်မြင့်သောတောင်မရှိဟု ကျွန်တော်တို့ယုံကြည်ပါသည်။ တစ်ကိုယ်တည်းလျှောက်လျှင်မြန်သော်လည်း အားလုံးအတူလျှောက်လျှင်ခရီးအဝေးသို့ရောက်နိုင်သည်။

ဥရောပတိုက်တွင် နာမည်ကျော်စမတ်ဂိုဒေါင်Bruegelသုတေသနစခန်းမှူးဝပ်အော်ဖူးက ယူဆသည်မှာ- "တစ်ဇုန်တစ်လမ်း" စီမံကိန်းသည် အာရှဥရောပတိုက်ကြီးနှင့်လမ်းတစ်လျှောက်နိုင်ငံများအတွက် ထိရောက်မှုနှင့် တန်ဖိုးရှိသာမဟုတ်ချေ။ ယင်းသည်လည်း အစောပိုင်းကာလမှစ၍ ဤခေတ်အတွင်း တစ်ကမ္ဘာလုံးအတွက် အကျိုးထိရောက်မှုပြုဆောင်နိုင်ပါသည်။ ၂၀၁၇ ခုနှစ် "တစ်ဇုန်တစ်လမ်း" နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးထိပ်သီးဖိုရမ်ကို တရုတ်နိုင်ငံက ကျင်းပမည်ဖြစ်သည်။ " R " လေးခုနှင့် သက်ဆိုင်မည်ဖြစ်သည်- Global Recovery (ကမ္ဘာ့စီးပွားရေးပြန်လည်ထူထောင်ခြင်း)၊ Global Rebalance (ကမ္ဘာ့စီးပွားရေးပြန်လည်ချိန်ခွင်လျှာညီမျှ ခြင်း)၊ Global Renovation(တစ်ကမ္ဘာ့တီထွင်ဖန်တီးခြင်း)၊ Global Reocnnected (ကမ္ဘာတခွင်အချင်းချင်းချိတ်ဆက်ခြင်း)ဟူ၍ ဖြစ်သည်။ ထိပ်သီးအစည်းအဝေးကို ကျင်းပရခြင်းမှာ ရည်ရွယ်ချက်သုံးချက်ရှိပြီး ပထမ အချက်သည်"တစ်ဇုန်တစ်လမ်း" စီမံ ကိန်းအား ကောင်းမွန်သောအလားအလာဖြစ်ပေါ်စေပြီး ပိုများသောနိုင်ငံဆက်လက်လိုက်လာစေလိုသည်။ ဒုတိယ အချက်သည် ဖက်ပေါင်းစုံညှိနှိုင်းခြင်းဖြင့် "တစ်ဇုန်တစ်လမ်း" စနစ်တကျဆောက်လုပ်ရေးကို တွန်းဆော်လိုခြင်းဖြစ်သည်။ တတိယအချက်မှာ ကုလသမဂ္ဂငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်အသီးသီးနှင့် ဘက်စုံချိတ်ဆက်လိုခြင်းဖြစ်သည်။ အထူးသဖြင့် ၂၀၃၀ ခုနှစ်ဆက်လက်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်နှင့် ပဲရစ်ရာသီဥတု ပြောင်းလဲခြင်း သဘောတူစာချုပ်သည် လူသားများ၏တူညီသော စိတ်ဓာတ်ကို ထင်ရှားစွာဖော်ပြပြီး အစိမ်းရောင်ပိုးထည်လမ်းမကြီး၊ ကျန်းမာပိုးထည်လမ်းမကြီး၊ ဉာဏ်ပညာပိုးထည်လမ်းမကြီး၊ ငြိမ်းချမ်းရေးပိုးထည်လမ်းမကြီးကို ဆောက်လုပ်ရန် တွန်းဆော်ကာလူသားကံကြမ္မာတူအသိုင်းအဝိုင်းကိုအတူဆောက်လုပ်လိုပါသည်။

တစ်ကမ္ဘာလုံး၏အခြေအနေနှင့်ဖွံ့ဖြိုးတိုးတက်မှုကို အလေးမထားလျှင် မိမိတစ်ပြည်လုံး အောင်မြင်မှုရနိုင်ချင်ခြင်းခက်ခဲသည်။ အချိန်ကြာရှည်စွာ အကျိုးသက်ရောက်မှုရရှိခြင်း မစဉ်းစားလျှင် လက်ရှိအကျိုးအမြတ်လည်းအချိန်ကြာရရှိနိုင်သည်မဖြစ်နိုင်ချေ။ "တစ်ဇုန်တစ်လမ်း" စီမံကိန်းဆောက်လုပ်ရေးသည် နှစ်တစ်ရာစီမံကိန်းဖြစ်သည်။ ပိုးထည်လမ်းမကြီး၏ ပြန်လည်ထူထောင်ရေးသည် နှစ်တစ်ရာအိပ်မက်ဖြစ်သည်။ ၁၈၇၇ ခုနှစ်ဂျာမနီလူမျိုး လီရှီဟော့ဖိန်းမှ "ပိုးလမ်းမကြီး"အတွေးကို တင်ပြခဲ့သည်။ ထို့နောက် သူ့၏ကျောင်းသားဆွီဒင်နိုင်ငံသား စိဝင်. ဟော်တင့်မှ ၁၉၃၆ ခုနှစ်တွင် စာအုပ်"ပိုးလမ်းမကြီး" ကိုထုတ်ဝေခဲ့ရာ"ပိုးလမ်းမကြီး" အတွေးအခေါ်ကို ပျံ့နှံ့လာစေခဲ့သည်။ "ဒီလမ်းကြောင်းကြီး (ပိုးလမ်းမကြီး)ဟာ ရှေးကမ္ဘာတစ်ခုလုံးကို ဖြတ်သန်းလာခဲ့တဲ့ အရှည်ဆုံးလမ်းဖြစ်ပါတယ်။ ယဉ်ကျေးမှုသမိုင်းကြောင်းအရကြည့်လျှင် ၎င်းသည်ကမ္ဘာပေါ်ရှိ တိုင်းရင်းသားလူမျိုးနှင့်ကုန်းမြေအသီးသီးကို ဆက်နွယ်ပေးထားတဲ့ ရှိခဲ့ဖူးသောအရေးကြီးတဲ့ချိတ်ဆက်မှုတစ်ရပ်ဖြစ်ပါတယ်။ ပိုးလမ်းမကြီးကို တရုတ်နိုင်ငံအစိုးရမှ ယခုခေတ်ပေါ်လမ်းပန်းသွားလာရေးလမ်းကြောင်းများကို အသုံးပြုပြီး ပြန်လည်ထူထောင်စေနိုင်လျှင် လူသားတွေအတွက်ကြီးမားတဲ့ ထောက်ပံ့ချက်ဖြစ်သလို မိမိအတွက်လည်း လမ်းမိုင်တိုင်တစ်ခုထောင်ပေးလိုက်တာလည်းဖြစ်တယ်။"ဟု စာအုပ်ထဲတွင်ရေးသားထားသည် "ထိုက်စန်းတောင်ကက်ပြီးငုံ့ကြည့်လျှင် တရုတ်တစ်ပြည်လုံးကို သေးသေးလေးလေးဖြစ်သွားကာ တစ်ခုမကျန် အားလုံးမြင်တွေ့ရပါသည်။"ဆိုသော တရုတ်ဆိုရိုးစကားနှင့်အညီ "တစ်ဇုန်တစ်လမ်း" ဆောက်လုပ်ရေးဖြင့် လူသားကံကြမ္မာတူအသိုက်အဝိုင်းအား အတူလုပ်ဆောင်လိုသော ရည်မှန်းချက်ကို ရှီကျင့်ဖိန်မှ တရုတ်နိုင်ငံနှင့်ကမ္ဘာကို တင်ပြခဲ့ရာ နိုင်ငံတကာထံမှ တုံ့ပြန်ချက်များစွာရရှိနိုင်ခဲ့သည်။ ပေကျင်းတွင် ၂၀၁၆ ခုနှစ်မေလကကျင်းပခဲ့သော တရုတ်-ဥရောပ အစိုးရပါတီ အဆင့်မြင့်ဖိုရမ်ပေါ်တွင် လတ်ဗီးယား တရုတ်ချစ်ကြည်ရေးအဖွဲ့ ဥက္ကဋ္ဌပေါထဲဖူကျင်က ပြောကြားသွားသည်မှာ- "သမိုင်းပေါ်မှာ ဒီလောက်ကြီးမားတဲ့ ပူးပေါင်းဆောင်ရွက်မဟာဗျူဟာကိုမမြင်ဖူးပါဘူး။ ကျွန်တော်တို့ဥရောပတိုက်လူတွေရဲ့ စိတ်ကူးထဲမှာမတွေ့ဖူးပါဘူး။ ဥရောပတိုက်ကလူတွေ ဒီလောက်ကောင်းတဲ့ တရုတ်နိုင်ငံရဲ့မျှော်မှန်းချက်ကို လက်မလွှတ်ကြပါနဲ့။" ဟု ပြောကြားခဲ့သည်။ချက်ကိုစလိုဗက်အောက်လွှတ်တော်ဒုတိယဥက္ကဋ္ဌက "'တစ်ဇုန်တစ်လမ်း' စီမံကိန်းဟာ လူသားတွေရဲ့ အကြီးမားဆုံးသော မဟာဗျူဟာအနက်တစ်ခု ဖြစ်နိုင်မည်။"ဟု အနာဂတ်အပေါ် ဟောကိန်းထုတ်ခဲ့ပါသည်။

ဝမ်ရီကွေ (စာရေးဆရာသည် တရုတ်နိုင်ငံပြည်သူ့တက္ကသိုလ် ချုံရန်ငွေကြေးစီးပွားရေး သုတေသနစခန်းမှ အဆင့်မြင့်သုတေသနပညာရှင် ဖြစ်သည်။ ဤသတင်းသည် ပြည်သူ့နေ့စဉ်သတင်းပြည်ပကော်လံတွင် ပါဝင်ခဲ့ဖူးပြီး ယခုအခါတွင် အချို့သောအကြောင်းအရာများအားလျှော့ပေါ့ကာ ပြန်လည်အသုံးပြုထားပါသည်။)

# ယူနန်ပြည်နယ်နယ်စပ်(၂၅)ခရိုင်နှင့်မြို့ကို နယ်စပ်တစ်လျှောက်စီးပွားရေးဖွင့်လှစ်ဇုန်အဖြစ်သတ်မှတ်

ယခုရက်ပိုင်းတွင် "ယူနန်ပြည်နယ်နယ်စပ်တစ်လျှောက် စီးပွားရေးဖွင့်လှစ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (၂၀၁၆-၂၀၂၀ခုနှစ်)" (အောက်တွင် စီမံကိန်းဟု တိုချုံးခေါ်ဝေါ်သည်)ကို ယူနန်ပြည်နယ်အစိုးရမှ ထုတ်ပြန်ခဲ့ရာ နယ်စပ်တစ်လျှောက် စီးပွားရေးဖွင့်လှစ်ဇုန် (အောက်တွင် စီးပွားရေးဇုန်ဟုတိုချုံးခေါ်ဝေါ်သည်)သည် နုကျန်း၊ ပေါင်ရှန်း၊ တယ်ဟုန်၊ လင်ချန်း၊ ဖူအလ်၊ စစ်ဆောင်ပန်းနား၊ ဟုန်ဟော်၊ ဝိမ်ရှန်းစသည့် နယ်စပ်ဒေသပြည်နယ်ခွဲနှင့်မြို့(၈)ခု၏ ခရိုင်နှင့် မြို့(၂၅)ခုကို စီမံပါဝင်လျက်ရှိပါသည်။ စီပွားရေးဇုန်၏ အကျယ်အဝန်းမှာ (၉. ၂၅)သောင်းစတုရန်းကီလိုမီတာ၊ လူဦးရေ(၆၉)သိန်းကျော်ရှိသည်။ စီမံဧရိယာသည် မြန်မာ၊ လာအို၊ ဗီယက်နမ်နှင့်ချိတ်ဆက်ပြီး နိုင်ငံတော်ပထမအဆင့်ဂိတ်(၁၈)ခု၊ ဒုတိယအဆင့်ဂိတ်(၇)ခုပိုင်ဆိုင်ထားသည်။ တရုတ်နိုင်ငံနှင့် ယူနန်ပြည်နယ်မှ တောင်အာရှ အရှေ့တောင်အာရှသို့ မျက်နှာပြုဖွင့်လှစ်သော ရှေ့ဆောင်ပြတင်းပေါက်ဖြစ်သည်။

စီမံကိန်းအရ ၂၀၂၀ခုနှစ်ရောက်သော် စီးပွားရေးဇုန်ဒေသမှ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးမှာ ယွမ်ငွေပေါင်း (၂၃၀)ဘီလီယံအထက် ရောက်ရှိကြောင်း။ စီးပွားဇုန်မြို့ပြနှုန်းမှာ (၄၅%)အထက်ရှိပြီး နယ်စပ်ဒေသအဓိကလမ်းမကြီးများ ဖြတ်သန်းသွားလာနိုင်ကြောင်း။ နယ်စပ်ဒေသတစ်လျှောက်သံလမ်းများ လျင်မြန်စွာတည်ထောင်ရန် တွန်းအားပေးကြောင်း၊ ယူရှီး-မော်ဟန်၊ တာလီ-ရွှေလီရထားသံလမ်း အခြေခံဆောက်လုပ်ပြီးစီးကာ လင်ချန်း-ချင်းရွှေဟော်၊ တာလီ-ရွှေလီသံလမ်းများသည် ထိန်ချုံးသံလမ်းသို့ ချိတ်ဆက်လုပ်ငန်းစတင်လုပ်ဆောင်၍ နိုင်ငံတကာသယ်ပို့လမ်းမကြီး အခြေခံဖြစ်ပေါ်လာကြောင်း သိရပါသည်။ ဖွင့်လှစ်စမ်းသပ်ဇုန်အလေးထားဆောက်လုပ်ခြင်း၊ နယ်စပ်(ခြား)စီးပွားပူးပေါင်းဆောင်ရွက်မှုဇုန် သိသာထင်ရှားစွာ ဖွံ့ဖြိုးတိုးတက်လာသည်။ ရွှေလီ၊ ဟောခို၊ မော်ဟန်၊ မုန့်တင်စသည့် အလေးပါနယ်စပ်ဂိတ်သွင်းထုတ်ပမာဏနှင့် လူဦးရေ၊ ယာဉ်စီးကြောင်းလျင်မြန်စွာတိုးမြှင့်လာမည်ဖြစ်သည်။

သတင်းထောက် ရန်ကျီဟွေ

## တာလီမြို့ဟောင်း ဆောင်းချယ်ရီပန်းများဖူးပွင့်

ယခုရက်ပိုင်း တာလီမြို့ဟောင်းတွင် ရောင်ခြည်ကြည်လင်သာယာ၍ ဆောင်းချယ်ရီပန်းများမှာ ဝေဝေဆာဆာ ဖူးဖွင့်နေပြီး လှပလျက်ရှိနေသည်။ နှစ်သစ်အစ ခရီးသည်များစွာလည်း မြို့ဟောင်းတွင် လျှောက်လှမ်းနေပြီး ရှုခင်းများကိုရှုမျှော်လျက်ရှိနေသည်။

သတင်းထောက် ရန်ကျိန်း

